**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# လမ်းမကြီးများဥပဒေ

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၈/၂၀၀၀)**

**၁၃၆၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်**

**(၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၇ ရက်)**

**[ ပြင်ဆင် : 24.07.2014, 27.11.2015 ]**

Myanmar Law Information System (MLIS)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက် သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို **လမ်းမကြီးများဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရ မည်-

(က) **လမ်းမကြီး** ဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းမကြီးအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းအားလုံးကိုဆိုသည်။ ယင်းစကားရပ်တွင် လမ်းမ၏ တစ်ဖက်တစ်ချက်စီ လမ်းနယ်နိမိတ် များနှင့် လမ်းမကြီးများတွင်ရှိသော တံတားများလည်းပါဝင်သည်။သို့ရာတွင် သက်ဆိုင်ရာ စည်ပင်သာ ယာရေးအဖွဲ့ကဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်ထိန်းသိမ်းသည့် လမ်းများမပါဝင်။

(ခ) **ယာဉ်** ဆိုသည်မှာ စီးနင်းလိုက်ပါရန်ဖြစ်စေ၊ ကုန်စည်သယ်ယူပို့ဆောင်ရန်ဖြစ်စေ စက်စွမ်းအားဖြင့် လည်းကောင်း၊ စွမ်းအင် တစ်မျိုးမျိုးဖြင့်လည်းကောင်း၊ ကုန်းပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ် တစ်မျိုးမျိုးကိုဆိုသည်။

(ဂ) **တိရစ္ဆာန်** ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ် နှင့် ဝက် တို့ကိုဆိုသည်။

(ဃ) **လှည်း** ဆိုသည်မှာ လူဖြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့်ဖြစ်စေ ဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တွဲခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်းတစ်မျိုးမျိုးကို ဆိုသည်။

<ပြင်ဆင် 24.07.2014>

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လမ်းမကြီးများ ဖောက်လုပ်ခြင်းဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ၊ ပြည်ထောင်စုနယ်မြေ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုနှင့်တစ်ခုအကြား လမ်းပန်းဆက်

သွယ်မှု လွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး၊ လူမှုရေး အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရေးတို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) နိုင်ငံတော်အတွင်း လမ်းမကြီးများ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် လမ်းမကြီးများ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက် ရေးကို အထောက်အကူပြုစေရန်၊

(ဃ) လမ်းမကြီးများတိုးချဲ့ခြင်း၊ ပြုပြင်ခြင်းနှင့် ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းခြင်းလုပ်ငန်း များကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(င) လမ်းမကြီးများပေါ်တွင် ဖြတ်သန်းသွားလာအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ် ကွပ်ကဲနိုင်ရန်။

<ပြင်ဆင် 24.7.2014>

## အခန်း(၃)
## ဆောက်လုပ်ရေးဝန်ကြီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများ ချမှတ်ခြင်း၊

(ခ) လမ်းမကြီးများ ဖောက်လုပ်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးစီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးနားချင်းနိုင်ငံများနှင့် ဆက်သွယ်သည့် လမ်းမကြီးများကို အစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် စီမံကိန်းချမှတ်၍ ဖောက်လုပ်ခြင်း၊

(ဃ) စီမံကိန်းများ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) လမ်းမကြီးများအဖြစ် သတ်မှတ်ကြေညာခြင်း၊

(စ) လမ်းမကြီးများ၏နယ်နိမိတ် သတ်မှတ်ကြေညာခြင်း၊

(ဆ) လမ်းမကြီးများဖောက်လုပ်ရန်နှင့် တိုးချဲ့ရန် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်း၊ လိုအပ်ပါက ဆိုင်ရာ အစိုးရဌာန ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) လမ်းမကြီးများ ပြုပြင်ရန်နှင့် ထိန်းသိမ်းရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) လမ်းမကြီးများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုခြင်းထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ တည်ဆဲ ဥပဒေများနှင့်အညီ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ခြင်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များ သတ်မှတ် ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

Myanmar Law Information System (MLIS)

(ည) လမ်းမကြီး ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းများ ပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့် အဆောက်အအုံဖယ်ရှားခြင်းများကို တည်ဆဲ ဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဋ) လမ်းမကြီးများ ဖောက်လုပ်ရာတွင် အသုံးပြုရန် လိုအပ်သည့် စက်ကိရိယာ ပစ္စည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ပမှ မှာယူတင်သွင်းခြင်း၊

(ဌ) လမ်းမကြီးများ၊ ဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဍ) လမ်းမကြီးများဖောက်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း။

**အခန်း(၄)**

လမ်းဦးစီးဌာန၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ လမ်းဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) လမ်းမကြီးများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ နှစ်တို၊ နှစ်ရှည် စီမံကိန်းများ၊ အထူးစီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြခြင်း၊

(ဂ) စီမံကိန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) လမ်းမကြီးများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊

(င) လမ်းမကြီးများ၏ နယ်နိမိတ်အတွင်း သစ်ပင်များကို စိုက်ပျိုးခြင်းနှင့် အန္တရာယ်ရှိသော သစ်ပင်များကို ရှင်းလင်းခြင်း၊

(ဆ) လမ်းမကြီးများတိုးချဲ့ရာတွင်လည်းကောင်း၊ ပြုပြင်ရာတွင်လည်းကောင်း လမ်းပေါ်၌ ဖြတ်သန်းသွားလာမှုကို အချိန်ကာလ သတ်မှတ်၍ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားချိန်တွင် သွားလာရန် လမ်းလွှဲ ဖောက်လုပ်ခြင်း၊

(ဇ) လမ်းမကြီးများပေါ်တွင် မောင်းနှင်သွားလာခွင့်မပြုသည့်ယာဉ်နှင့်ဘီးအမျိုးအစားကိုလည်းကောင်း၊ ယာဉ်နှင့် ဝန်တင်နှင့်အလေးချိန်ကိုလည်းကောင်း၊ လှည်း၏ ဘီးကွပ်ကိုလည်းကောင်းသတ်မှတ်ခြင်း၊ ယင်းသတ်မှတ်ချက်များကို လိုက်နာခြင်း ရှိမရှိ၊ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဈ) လမ်းမကြီးများပေါ်တွင် လှည်းနှင့် တိရစ္ဆာန်များဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းနှင့် စပ်လျဉ်း ၍ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ည) လမ်းမကြီးများ ပျက်စီးခြင်းမှ ကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များထုတ်ပြန်ခြင်း၊ ယင်းတားမြစ်ချက်များကို လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဋ) လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့် လမ်းမကြီးများ၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်းများအတွက်

Myanmar Law Information System (MLIS)

စိစစ် ခွင့်ပြုခြင်းများ ပျက်စီးခြင်းမှ ကာကွယ်ရန် လိုအပ်သည့် တားမြစ်ချက်များထုတ်ပြန်ခြင်း၊ ယင်းတား မြစ်ချက်များကို လိုက်နာခြင်း ရှိမရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

<ပြင်ဆင် 27.11.2015>

၆။ လမ်းဦးစီးဌာနသည် မိမိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ၊ ပြည်ထောင်စုနယ်မြေ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၊ ခရိုင်နှင့် မြို့နယ် လမ်းဦးစီးဌာနလုပ်ငန်းများအား လွှဲအပ်တာဝန်ပေးနိုင်သည်။

<ပြင်ဆင် 24.07.2014, 27.11.2015>

## အခန်း(၅)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၇။ မည်သူမဆို လမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ် အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လမ်းမကြီးကို ဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း သို့မဟုတ် မြေတူးယူခြင်း၊

<ပြင်ဆင် 24.07.2014, 27.11.2015>

၇-က။ မည်သူမဆို လမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ လမ်းမကြီး၏ နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

<ပြင်ဆင် 24.07.2014, 27.11.2015>

၇-ခ။ မည်သူမဆို ပုဒ်မ ၇-ကပါ ပြစ်မှုကို ထပ်မံကျူးလွန်ပါက ထိုသူကို တစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့် အပြင် အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

<ပြင်ဆင် 24.07.2014>

၈။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ၆ လ အထိဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံးကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လမ်းမကြီးဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) လမ်းမကြီးများပေါ်တွင် မောင်းနှင်သွားလာခြင်းမပြုရန် သတ်မှတ်ထားသည့် ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါ ယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ဘီးကွပ်ကို အသုံးပြုခြင်း၊

(ဂ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း လမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်သီး နှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

Myanmar Law Information System (MLIS)

(ဃ) လမ်းဦးစီးဌာနက အန္တရာယ်ရှိသော သစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက် ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(င) လမ်းမကြီးနယ်နိမိတ်အတွင်း လမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ လမ်း၊တံတားနှင့် မြေပြင်အနေအထားကို ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(စ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း လမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊

(ဆ) လမ်းမကြီး၏ နယ်နိမိတ်အတွင်း လမ်းဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲလမ်းဘေး စားသောက်ဆိုင်များ ၊ ဈေးဆိုင်များ ဆောက်လုပ်တည်ခင်းရောင်းချခြင်း။

<ပြင်ဆင် 24.07.2014, 27.11.2015>

၉။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလ အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) လမ်းမကြီးများ ပျက်စီးခြင်းမှ ကာကွယ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) လမ်းမကြီးများပေါ်တွင် လူည်းနှင့် တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) လမ်းမကြီးပေါ်တွင် သွားလာမှုကို အနှောက်အယှက်သော်လည်းကောင်း၊ ဘေးအန္တရာယ်သော်လည်း ကောင်း ဖြစ်စေမည့် ပစ္စည်းကို တမင်ထားရှိခြင်း၊

၉-က။ မည်သူမဆို မိမိ၏ ပြုလုပ်မှုကြောင့် လမ်းမကြီးတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို ဝန်ကြီးဌာနသို့ ပေးလျော်ရန် တာဝန်ရှိသည်။

<ပြင်ဆင် 24.07.2014>

၉-ခ။ ဝန်ကြီးဌာနသည် တစ်ဦးတစ်ယောက်ကြောင့် လမ်းမကြီးတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ယင်းထိခိုက်ပျက်စီးဆုံးရှုံးမှုအတွက် နစ်နာကြေး သို့မဟုတ် လျော်ကြေးကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တွက်ချက်၍ သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆို တောင်းခံနိုင်သည်။

<ပြင်ဆင် 24.07.2014>

## အခန်း(၆)

## အထွေထွေ

၁၀။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် မိမိဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ လမ်းမကြီးကိုဖြတ်သန်း၍ မြေအောက်ပိုက်လိုင်းဆက်သွယ်ခြင်း၊ မြေအောက်လျှပ်စစ်ဓာတ်အားလိုင်း ဆက်

Myanmar Law Information System (MLIS)

သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်း ဆက်သွယ်ခြင်း သို့မဟုတ် မြောင်းဖောက်လုပ်ခြင်း ပြုလုပ်လိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းရမည်။

၁၀-က။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့် လမ်းမကြီးများ၏ နယ်နိမိတ်ကို သတ်မှတ်ရာ၌ မြို့တွင်း ၊ ရွာတွင်း လူနေအိမ်အဆောက်အအုံများ၏ တည်ရှိမှု အခြေအနေ ၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ ၊ မြို့ပြဖွံ့ဖြိုးမှုအခြေအနေ ၊ အခြားတည်ဆဲ မြို့ပြဆိုင်ရာ ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ သတ်မှတ်ရမည်။

<ပြင်ဆင် 24.07.2014>

၁၁။ ဤဥပဒေအရ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသည့် လမ်းမကြီးပေါ်တွင် အသုံးပြုသည့်အတွက် အသုံးပြုကောက်ခံခြင်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေ (ဥပဒေအမှတ် ၁၃/၈၅) ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၂။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ မထုတ်ပြန်မီ The Highways Act, 1907 အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) လမ်းဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

<ပြင်ဆင် 24.07.2014, 27.11.2015>

၁၄။ The Highways Act, 1907 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)